# Myanmar Garment Manufacturers Association

# NEWSLETTER

## NOVEMBER 2025, ISSUE






# မာတိကာ

**သတင်းနှင့်လှုပ်ရှားမှုများ** **စာမျက်နှာ**


AFTEX Meeting, APTEXPO Summit and BRTC များသို့ MGMA မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက် ........ ၂-၃

8th World Textile Merchandising Conference သို့ MGMA မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက် ........ ၄

MGMA နှင့် Partner ၅ ဖွဲ့တို့အကြား နားလည်မှုစာချွန်လွှာ (MOU) ရေးထိုးပွဲအခမ်းအနား ........ ၅-၆

လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး ........ ၇

2025 Myanmar International Textile and Machinery Fair သတင်းစာရှင်းလင်းပွဲ ........ ၈

Compliance & Audit Preparation Training ........ ၉

Occupational Safety & Health Management System In-Factory Training (One Day Training)........ ၁၀

အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၆၂) ........ ၁၁-၁၂

Industrial Engineering Training ( သင်တန်းအမှတ်စဉ် - ၈၇) ........ ၁၃


## Upcoming Activities

| *No.* | *Descriptions* | *Date* | *Venue* |
|---|---|---|---|
| 1. | OSH In-factory Training, WCC Training | December | Member Factories |
| 2. | Myanmar International Textile and Machinery Fair 2025 | December 5-7 | YCC |

## Membership Update


New Member in November 2025 ........ 14

Membership update as of November 2025 ........ 14

# AFTEX Meeting, APTEXPO Summit and BRTC များသို့ MGMA မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များတက်ရောက်

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ဥက္ကဌ ဦးမြင့်စိုးနှင့် အလုပ်အမှုဆောင်အဖွဲ့များသည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်တွင် Pan Pacific Hotel Singapore ၌ကျင်းပပြုလုပ်ခဲ့သည့် AFTEX 53rd Council Meeting and 52nd Plenary Session သို့တက်ရောက်ခဲ့ကြသည်။




ဥက္ကဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် နိုဝင်ဘာလ ၁၇ ရက်တွင် chief delegates dinner သို့တက်ရောက်ခဲ့ကြသည်။ AFTEX Emeritus ဥက္ကဌမှ အဖွင့်အမှာစကား ပြောကြားခဲ့သည့် အပြင် AFTEX ဥက္ကဌမှ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။ ထို့နောက် အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်များက နိုင်ငံအလိုက် အစီရင်ခံစာများကို အသီးသီးတင်ပြခဲ့ကြသည်။




ထို့နောက် MGMA Delegate များသည် နိုဝင်ဘာလ ၁၉ ရက်တွင် Marina Bay Sands ၌ပြုလုပ်ခဲ့သည့် APTEXPO 2025 and Summit သို့တက်ရောက်ခဲ့ပြီး Business Matching နှင့် Seminar များသို့လည်း ပါဝင်ခဲ့သည်။

နိုဝင်ဘာလ ၂၀ ရက်တွင် MGMA ဥက္ကဌ ဦးမြင့်စိုး နှင့် MGMA အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် တို့သည် 7th Belt & Road Textile Conference သို့ တက်ရောက်ခဲ့ပြီး Roundtable Discussion နှင့် Donghua University နှင့် ASEAN Federation of Textile Industries တို့အကြား MOU လက်မှတ်ရေးထိုးပွဲများသို့ တက်ရောက်ခဲ့သည်။






ASIA-PACIFIC TEXPO 2025
Asia-Pacific Textile and Apparel Supply Chain Expo & Summit


ROAD TEXTILE CONFERENCE
聚力融合，共创共享全球纺织产业发展新未来
Forging Synergies for Integration: Co-Creating and Sharing a New Future for the Global Textile Industry
圆桌主持 Moderator:
杨世滨 Robert Yang
Regina Leong
吴琦 Wu Qi
Chairman of
Dalian Longsheng Fasion Co
韩春 Harry Han
Chairman of Handa Enterprise
Mohammad Raza Baqir
Secretary General (NZ),
Maria Parcalabescu
President,


ZHEJIANG QIANSHUO TEXTILE
TECHNOLOGY CO., LTD.
H11
SHAOXING RAINBOW TEXTILE
CO., LTD.
H10


# 8th World Textile Merchandising Conference သို့ MGMA မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များတက်ရောက်

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်သော ဦးသက်နိုင်လေးနှင့် ဦးကျော်ထွန်းဟိန်း တို့သည် နိုဝင်ဘာလ ၆ ရက်တွင် Shaoxing International Convention & Exhibition Center Hall ၌ ပြုလုပ်ခဲ့သည့် 8th World Textile Merchandising Conference (WTMC 2025) သို့တက်ရောက်ခဲ့ကြသည်။

MGMA ၏အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် နိုဝင်ဘာလ ၆ ရက်တွင် WTMC 2025 သို့လည်းကောင်း၊ Keqiao International Textile Expo သို့လည်းကောင်း B2B Sourcing နှင့် Gala Dinner သို့လည်းကောင်း တက်ရောက်ခဲ့ပြီး နိုဝင်ဘာလ ၇ ရက်တွင် Global Textile Industry Dialogue နှင့် factory tour များသို့လိုက်ပါခဲ့ကြသည်။

အစည်းအဝေးတွင် round-tables, WGSN sessions, the International Textile Innovation Conference (ITIC), China Textile Innovation Conference, Global Supply Chain Conference, Asia Colour Conference, နှင့် Sci-Tech Achievement Transformation Conference များပါဝင်သည်။










# MGMA နှင့် Partner ၅ ဖွဲ့တို့အကြား နားလည်မှုစာချွန်လွှာ (MOU) ရေးထိုးပွဲအခမ်းအနား

MGMA နှင့် Partner ၅ ဖွဲ့တို့အကြား နားလည်မှုစာချွန်လွှာ (MOU) ရေးထိုးပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်က MGHRDC ရှိ Resource Center ၌ပြုလုပ်ခဲ့သည်။

အခမ်းအနားအား MGMA ၏ ဒု-ဥက္ကဋ္ဌ ဒေါ်ငွေငွေအေးမှ အဖွင့်အမှာစကားပြောကြားခြင်းဖြင့် စတင်ခဲ့ပြီး အမှာစကားတွင် ကျွမ်းကျင်မှုမြှင့်တင်ရေးနှင့် အလုပ်အကိုင်ထိတွေ့ဆက်ဆံမှုမှတစ်ဆင့် အထည်ချုပ်ကဏ္ဍကို ပိုမို အားကောင်းလာစေရေးသည် အရေးကြီးကြောင်းကိုထည့်သွင်းပြောကြားခဲ့သည်။ MGMA အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ဝင်းအိခိုင် က Productivity & HRD Working Group Activity ၏ နောက်ခံအကြောင်းအရာကို တင်ပြခဲ့ပြီး အဝတ်အထည်လုပ်ငန်းတွင် ကျွမ်းကျင်အားနှင့် စွမ်းဆောင်ရည်တိုးတက် ရေးဆိုင်ရာ လှုပ်ရှားမှုများကို မိတ်ဆက်ပြောကြားခဲ့သည်။

ထို့နောက် MGMA နှင့် Partners (၅) ဦးဖြစ်သော B- Pro Fashion Design Academy, JUKI SINGAPORE PTE Ltd, BRANCH OFFICE (Yangon, Myanmar), Myanmar GF Co.,Ltd, Maple Trading Co.,Ltd နှင့် Myanmar Management International College (MMIC) တို့အကြား နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့ကြသည်။

လက်မှတ်ရေးထိုးပြီးနောက် MGMA ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးရဲခန့်မှ ကျေးဇူးတင်အမှာစကားပြောကြားခဲ့ပြီး MGMA ၏ တွဲဖက်အတွင်းရေးမှူး ဒေါ်အေးအေးဟန် မှ အပိတ်အမှာစကားပြောကြားခဲ့သည်။ အခမ်းအနားသို့ MGMA ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် Partner အဖွဲ့ဝင်များ၏ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အဖွဲ့လိုက်အမှတ်တရ ဓာတ်ပုံများရိုက်ကူးခဲ့ကြသည်။






Vice Chairman of MGMA delivering opening remarks



Joint Secretary of MGMA giving closing remarks




CEC of MGMA giving thank you note




EC of MGMA presenting background of working group committee





MGMA & B-Pro Fashion Design Academy



MGMA & JUKI



MGMA & Myanmar GF Co.,Ltd



MGMA & Maple Trading Limited



MGMA & MMIC

# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး

လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် က MGMA အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သည်။



အစည်းအဝေးအား MGMA ၏ တွဲဖက်အတွင်းရေးမှူး မှ အစီအစဉ်အတိုင်းဆောင်ရွက်ခဲ့ပြီး အလုပ်အမှုဆောင်များမှ တရုတ်နိုင်ငံ၊ Humen တွင် နိုဝင်ဘာလ ၁၅ ရက်မှ ၁၉ ရက်ထိ ကျင်းပပြုလုပ်ခဲ့သော STAR Annual Meeting နှင့် နိုဝင်ဘာလ ၁၈ ရက်မှ ၂၂ ရက်ထိ စင်ကာပူနိုင်ငံတွင် ပြုလုပ်မည့် APTEXPO and AFTEX country meetings များသို့သွားရောက်မည့် ကိစ္စရပ်များ နှင့် Logistics arrangement များ၊ Myanmar International Textile & Machinery Fair 2025 ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များ၊ Myanmar GF, B-Pro, Maple, Juki, MMIC တို့ဖြင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ MGMA ၏ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး နှင့် ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။



# 2025 Myanmar International Textile and Machinery Fair
# သတင်းစာရှင်းလင်းပွဲ

2025 Myanmar International Textile and Machinery Fair သတင်းစာရှင်းလင်းပွဲ အခမ်းအနား ကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက် တွင် Time City, UAB Tower 2 ရှိ China Enterprises Chamber of Commerce in Myanmar (CECCM) Office ၌ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် CECCM ၏ အထွေထွေအတွင်းရေးမှူး, Mr.Xu Zhen Wei မှ ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့ပြီး MGMA ၏ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် မှ အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် CTGA ၏ ဥက္ကဋ္ဌ Mr.San Khun မှ 2025 Myanmar International Textile and Machinery Fair ကျင်းပပြုလုပ်ရခြင်းရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားခဲ့ပြီး MGMA ၏ တွဲဖက်အတွင်းရေးမှူး ဦးသိန်းဇေဝင်းမှ ASEAN Federation of Textile Industries (AFTEX) နှင့်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အမှာစကားများကိုပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် မီဒီယာများမှ ပြပွဲနှင့်ပတ်သက်၍သိလိုသည့် မေးခွန်းများကို တာဝန်ရှိသူများမှ ပြန်လည်ဖြေကြားပေးခဲ့သည်။ အခမ်းအနားသို့ CECCM ၏ အထွေထွေအတွင်းရေးမှူး၊ MGMA ၏ အထွေထွေအတွင်းရေးမှူးနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နိုင်ငံခြားအထည်ချုပ်လုပ်ငန်းစုအသင်းမှ ကိုယ်စားလှယ်များ နှင့် မီဒီယာအဖွဲ့စအည်းများမှ ကိုယ်စားလှယ်များ အသီးသီး တက်ရောက်ခဲ့ကြပါသည်။












# Compliance & Audit Preparation Training



မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA) မှ ကြီးမှူး၍ Compliance & Audit Preparation Training ကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နှင့် ၂၁ ရက်များတွင် မြန်မာနိုင်ငံအထည်ချုပ်လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (MGHRDC) ၌ ပြုလုပ်ခဲ့သည်။

MGMA ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထွန်းထွန်း မှ အဖွင့်အမှာစကားနှင့် အပိတ်အမှာစကားပြောကြားခဲ့သည်။

သင်တန်းတွင် MGMA ၏အလုပ်သမားရေးရာအရာရှိ ဦးမင်းစိုးဟန် မှ CMP & Policies, Supply Chain & Due Diligence, Legal Framework, International Standards, SA 8000 Standards, BSCI System Manual 2022, EMP, ECC, and BEPI, FEM, Documents and Management System များကို ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းသို့ အဖွဲ့ဝင်စက်ရုံများမှ သင်တန်းသား ၂၈ ဦးတက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။













# Occupational Safety & Health Management System In-Factory Training (One Day Training)



မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူး၍ Occupational Safety & Health Management System (OSH) Training (တစ်ရက်တာသင်တန်း) ကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်တွင် Skytex Myanmar Co., Ltd ၌ ပြုလုပ်ခဲ့သည်။

OSH သင်တန်းတွင် MGMA ၏အလုပ်သမားရေးရာ အရာရှိများမှ Basic concepts of Occupational Safety and Health, Occupational Safety and Health Laws, Roles & Responsibilities, Workplace Hazards and Prevention in Garment Industry, Risk Management System, Occupational cleanliness and waste management, Occupational safety and Health Management System, Emergency Preparedness, Fire Safety, Electrical Safety, Chemical Safety, Occupational Health Hazards and ways to prevent, Building Good habits/Practices & Auditing များကိုအဖွဲ့လိုက်ဆွေးနွေးမှုများ၊ အမေးအဖြေကဏ္ဍများဖြင့် သင်ကြားပြသပေးခဲ့သည်။

သင်တန်းသို့ Skytex Myanmar Co., Ltd မှ ဝန်ထမ်း (၁၄) ဦးမှ တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များကို MGMA မှ ပေးအပ်ချီးမြှင့်ခဲ့သည်။











# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၆၂)



Batch – 262 Group Photo

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA)မှကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၆၂) ကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်မှ ၂၁ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးရေး စင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အစိုးရနည်းပညာအထက်တန်းကျောင်း (ရွာမ) မှ ကျောင်းအုပ်ကြီး ဦးဇေယျာအောင် မှ အဖွင့်အမှာစကားနှင့် အပိတ်အမှာစကားကို ပြောကြားခဲ့သည်။ သင်တန်းတွင် အထည်ချုပ်လုပ်ခြင်း ဆိုင်ရာတွင်သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများနှင့် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့်အလွဲသုံးစားမှု ကာကွယ်ခြင်းဆိုင်ရာ ဗဟုသုတများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ ထို့အပြင် IOM မှ ရွှေ့ပြောင်းအလုပ်သမား ဆိုင်ရာသိကောင်းစရာများကိုလည်း ဝေမျှပေးခဲ့သည်။ သင်တန်းသား (၃၀) ယောက်တက်ရောက်ခဲ့ကာ သင်တန်းဆင်း လက်မှတ်များပေးအပ်ခဲ့သည်။



Principle of GTHS giving opening Remarks



MGMA presenting PSEA Training



MGMA conducting Labor Law Awareness



Safe Migration Seminar by IOM





**Practice Session**

**Trainer of MGHRDC presenting Sewing Method**





**Practice Session**

**Practice Session**







**Trainer of MGHRDC presenting Sewing Method**

# Industrial Engineering Training ( သင်တန်းအမှတ်စဉ် - ၈၇)




မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး အထည်ချုပ်စက်ရုံများ အတွက် Industrial Engineering Training (သင်တန်းအမှတ်စဉ် - ၈၇) ကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်မှ နိုဝင်ဘာလ ၁၀ ရက်ထိ မြန်မာနိုင်ငံ အထည်ချုပ်လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

သင်တန်းတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးရဲခန့်မှ အဖွင့်အမှာစကားပြောကြားခဲ့သည်။ သင်တန်းကို အထည်ချုပ်စက်ရုံများတွင် အရည်အချင်းပြည့်မီသောထုတ်လုပ်မှုကိုမြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့် စီစဉ်ခဲ့ခြင်းဖြစ်ပြီး အထည်ချုပ်စက်ရုံများတွင် စက်မှုအင်ဂျင်နီယာသင်တန်းများပို့ချပေးသည့်အတွေ့အကြုံရှိသည့် MGHRDC မှသင်တန်းဆရာမများမှ စက်ရုံများသို့ကွင်းဆင်းလေ့လာခြင်းများ၊ အဖွဲ့လိုက်တင်ပြမှုများဖြင့် သင်ကြားပေးခဲ့သည်။

စက်ရုံများသို့ကွင်းဆင်းလေ့လာခြင်းကို Thiri Sandar Garment & General Trading Co-op Society Limited တွင် သုံးရက်ကြာလေ့လာခဲ့ပြီး စက်ရုံမှရရှိ လာသောအချက်အလက်များကို အဖွဲ့နှစ်ဖွဲ့ခွဲကာ အဖွဲ့လိုက်တင်ပြမှုများပြန်လည် ပြုလုပ် ခဲ့သည်။ သင်တန်းသို့ MGMA အဖွဲ့ဝင်စက်ရုံများမှ သင်တန်းသား (၁၃) ဦးတက်ရောက်ခဲ့ကာ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။








## MEMBERSHIP UPDATE

New Members in November 2025

| Country | No. of New Member Factories |
|---|---|
| Myanmar | 2 |
| **Total** | 2 |

Membership Update as of November 2025

| Status | Country | No. of Factories |
|---|---|---|
| Active | Myanmar | 68 |
| | China | 356 |
| | Korea | 55 |
| | Japan | 16 |
| | Others | 18 |
| | Joint Venture | 25 |
| | Local, Sub-Con, Marketing, Inspection, Textile | 49 |
| Total (Active) | | 587 |
| Temporary Closed | | 66 |